မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ___ *Volume 9/Issue 6 / June / 2016*

## မင်္ဂလာရှိသောဖခင်

ထာဝရဘုရားကိုကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။

ထိုသို့ပြုလျှင် သင်သည်မိမိလက်နှင့်လုပ်ဆောင်၍ရသော အစာကိုစားရလိမ့်မည်။ မင်္ဂလာ ရှိ၍ ကောင်းစား ရလိမ့်မည်။

သင်၏မယားသည် သင့်အိမ်နားမှာများစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့ဖြင်း၊ သားသမီးတို့သည် သင့်စားပွဲ ပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင်များကဲ့သို့ဖြင်း ဖြစ်ကြလိမ့်မည်။

ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့သော မင်္ဂလာရှိရလိမ့်မည်။

မိမိသားသမီးတို့၌ ဖွားမြင်သော သားသမီးတို့ကိုလည်း မြင်ရလိမ့်မည်။

ဆာလံကျမ်း။၁၂၈း၁-၄

# B.C.F. 2016, June Events

## *PRAYER*



*Oh Lord! My God,*

*This is the beginning of another blessed month in the year 2016.*

*We know what You have done for us in the past five months and we are very greatful.*

*As we commit the month of June unto You, our prayer today is "every time we call upon You this month, Dear Lord kindly answer us. For every reason we call upon You this month Father please give us testimonies.*

*With a greatful heart and with thanksgiving, we pray. In the name of Jesus Christ. Amen.*

**June 2016**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | | |

☀ SUMMERTIME ☀

***Holy Communion***
**6/ 05 / 2016**

~~~~~~~~~~~~~~~

**Regular Service and BCF Official Board Meeting**
**6/ 12 / 2016**

~~~~~~~~~~~~~~~

**Fathers' Day Sunday**
**6/ 19 / 2016**

~~~~~~~~~~~~~~~

**Christian Home and Family Sunday**
**6/ 26 / 2016**

~~~~~~~~~~~~~~~

***Every Service on Sunday 2:00PM at***
***1337 Farmstead Ave.***
***La Puente, CA 91745***




## ***Father's Day***

***June 19, 2016***

***F-A-T-H-E-R***

*"F" is in father stands for* ***Faithful***

*"A" is in father stands for* ***Action***

*"T " is in father stands for* ***Teacher***

*"H" is in father stands for* ***Hope***

*"E" is in father stands for* ***Example***

*"R" is in father stands for* ***Reliable***

*Put them all together,* ***F-A-T-H-E-R*** *they spell*

*"FATHER"*

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

***Happy Father's Day***

# ကောင်းကင်ဘုံရှင်အဖ

ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဖ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော။ — လု ၁၁း၂

သခင်ယေရှု(ခရစ်တော်) ကျွန်ုပ်တို့အား ဆုတောင်းနည်းသင်ကြားပေးရာ၊ လု၊၁၁း၂ တွင် "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏အဘ" ဟူ၍ အစပြုထားသည်။

ထိုကျမ်းချက်သည် ဘုရားသခင်ကို ဖခင်(အဘ)အဖြစ် ရည်ညွှန်းသည့် ကျမ်းချက်များထဲမှ တစ်ခုဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏သဘောတော်ကို သိစေချင်ရာ၌ ဖခင်၏သဘော သဘာဝအားဖြင့် အလေးပေးဖော်ပြခြင်းကြောင့် စိတ်ဝင်စားစရာ ကောင်းသလို မှတ်သားဖွယ်ရာလည်း ကောင်းပေသည်။

ဘုရာသခင်ကို အဘခမည်းတော်အနေဖြင့် မိတ်ဆွေ .. သိထားပြီလား??။

သခင်ယေရှု သင်ကြားပေးခဲ့သော ပဌနာတော်အရ ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘသည် ကျွန်ုပ်တို့ လိုအပ်ချိန်တွင် ရှိနေပြီး၊ ကျွန်ုပ်တို့ကို ဂရုစိုက်ပြီး ကူညီမစနေသည်မှာလည်း ထင်ရှားပါသည်။ ကျွန်ုပ်တို့အားခွင့်လွှတ်ပြီး မကောင်း သော အမှုအရာမှလည်း ကွယ်ကာပေးပါသည်။

ဤစကြဝဠာကြီးတွင် စုံလင်သော အဘဘုရားတဆူတည်းရှိပြီး၊ အားနည်းသော ဖခင်များကို ဦးဆောင် လမ်းပြလျက်ရှိသည်။ ကျွန်ုပ်၏ကလေးများသည် ကျွန်ုပ်၏အကြောင်းကို စိတ်မဝင်စားပါ။ သူတို့ကို အချိန်ပေးပြီး ဂရုစိုက်မှု၊ စားဝတ်နေရေး အခြေခံလိုအပ်ချက် အတွက် တာဝန်ယူမှု၊ စိတ်ရှည်သည်းခံ ခွင့်လွှတ်သောမေတ္တာနှင့် သူတို့ ကြီးထွားရင့်ကျက်နိုင်မည့် လုံခြုံသောနေရာတစ်ခု ဖန်တီးပေးရန်ကို သူတို့ လိုလားတောင့်တကြသည်။ ဤသည်မှာ အလွန်လေးနက်သော ဖခင်တစ်ဦး၏ တာဝန်များဖြစ်ပါသည်။

ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ဖခင်မရှိသူများ အတွက်မူကား၊— သခင်ယေရှု၏ ရွေးနှုတ်ကယ်တင်ခြင်းကို သင်လက်ခံရှိလျှင်၊ အကောင်းဆုံးဖခင်ဖြစ်သည့် စုံလင်သောကောင်းကင်ဘုံရှင်အဘကို သင်ပိုင်ဆိုင်ရရှိထားကြောင်း နှလုံးသားထဲတွင် စွဲမြဲစွာ မှတ်သားထားလိုက်ပါ။—

ကောင်းကင်ဘုံရှင်အဘဘုရားသည် သူ၏သားသမီးများအား အစဉ်ချီမြှင့် ထားလိုပါ၏။ ကိုယ်တော်ရှင်နှင့် ရင်းနှီးကျွမ်းဝင်အောင် ကိုယ်တော်ရှင်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၍၊ဆုတောင်းပဌနာပြုလျှင်၊ သင်၏လက်ကိုဆွဲခေါ်၍၊ "မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင် ငါသည်သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။"

ကိုယ်တော်သည် အဘ၊ သိုးထိန်း၊ စောင့်ရှောက်ကွယ်ကာဖေးမသူ နှင့် လမ်းပြပို့ဆောင်သူဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏မေတ္တာ၊ ဂရုဏာ၊ မစမှု နှင့် ဂတိတော်များက ကျွန်ုပ်တို့၏ လိုအင်ဆန္ဒအပြင် လိုအပ်မှုများကို လွှမ်းမိုးလျက် ရှိနေပါသည်။ ။

# လောကဖခင်များ

ရှင်ပေါလုက ဖခင်များအား ၄င်းတို့၏ သားသမီးများကို စိတ်ဆိုးအောင်၊ စိတ်ဓာတ်ကျအောင်မပြုဘဲ၊ သခင်ဘုရား၏ အလိုတော်နှင့်အညီ ညင်သာစွာ ဆုံးမသွန်သင်ရမည် အကြောင်း နှိုးဆော်ခဲ့သည်။ (ဖေက်သြဝါဒစာ၊ဖး၄။)

ဖခင်၏ အပြုအမူ၊ အပြောနှင့်အလုပ်ညီမှု စသည်တို့က လွှမ်းမိုးထိရောက်မှုရှိသည့် စံနမူနာများ ဖြစ်သည့်အလျောက်၊ သားသမီးတို့ အနေဖြင့် မရိုသေ၊ မလေးစားဘဲ မနေနိုင်အောင် ဖြစ်စေသည်။ ဖခင်သည် ခြောက်ပြစ်ကင်း သဲလဲစင်သူ မဟုတ်ငြားလည်း မှန်သောလမ်းကို သွားနေသည်။ မိမိ၏အပြုအမူများသည် ဘုရားသခင်၏သဘောတော်ကို ဖျက်စီးစေခြင်းထက်ထင်ဟပ်စေသောအခါ ကောင်းမြတ်ခြင်းတန်ခိုးသည် လှုပ်ရှားသက်ဝင်နေလျှက် ရှိနေပါ၏။။။

၄င်းသည် မိဘများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့် "သခင်ဘုရားအားဖြင့်၄င်း၊ တန်ခိုးတော်အရှိန် အားဖြင့်၄င်း၊ ခိုင်ခံ့ခြင်း ရှိကြလော့။" ဟု တိုက်တွန်းခြင်းသည် တိုက်ဆိုင်မှုတစ်ရပ် လုံးဝမဟုတ်ပါ။ ကိုယ်တော်၏ခွန်အားဖြင့်သာ ကောင်းကင်ဘုံအဖ၏ သည်းခံစိတ်ရှည်ခြင်းနှင့် ချစ်ခြင်းကို ကျွန်ုပ်တို့ ထင်ဟပ်ပြနိုင်ပေလိမ့်မည်။ မိမိပြောသောစကားထက်၊ မိမိ၏အသက်ရှင်နေထိုင်မှု ပုံစံအားဖြင့် သားသမီးများကို ကျွန်ုပ်တို့ သွန်သင်နေပါ၏။

ကောင်းကင်ဘုံအဘ .... သူတစ်ပါးကိုချစ်နိုင်ရေး၊ ကိုယ်တော်ရှင်၏မေတ္တာကို သိမှတ်ရန်လိုပါ၏။ ကိုယ်တော်၏ ကြင်နာမှုနှင့်စိတ်ရှည်မှုတို့ကို ကိုယ်တိုင်ခံစားပြီး ကျွန်ုပ်ဂရုစိုက်ပေးရသူများအားဝေမျှခံစားလိုပါ၏။ ကျွန်ုပ်ကို ဖြည့်စီးတော်မူ၍၊ အသုံးပြုမူပါ။

ကျွန်ုပ်တို့၏ ဘဝအသက်တာ အတွက် သွန်သင်ပေးရုံမက မည်ကဲ့သို့ အသက်ရှင်ရမည်ကိုလမ်းပြပေးသော ဖခင်များကို ဂုဏ်ပြုပါ၏။

**ဖခင်များနေ့သို့ . . .**



# အိမ်ထောင်၏အာဏာ



**အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊ သခင်ဘုရား၏အလိုတော်နှင့် ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက် ကျွေးမွေးကြလော့။ ဖေက်သြဝါဒစာ၊၆း၄။**

သမ္မာကျမ်းစာမှ အထက်ပါ ဆုံးမစကား၏ အဓိပ္ပါယ်ကို အချို့က အလေးနက် မထားဘဲ၊ ခပ်ပေါ့ပေါ့ပင်ယူဆကြပါသည်။ မိဘစကားကိုနားထောင်ဖို့၊ မိဘကိုရိုသေစွာပြုနိုင်ဖို့ အတွက်၊ မိဘများကလည်း သားသမီးတို့အပေါ်မှာ မေတ္တာနှင့်ကြင်နာစွာ ကျွေးမွေးပြုစုပျိုးထောင်ပြီး၊ ငယ်သောအရွယ်မှစ၍၊ ဘုရားတရား သိကျွမ်းနားလည်အောင် ဆုံးမသွန်သင် ပေးရမည့် ဝတ္တရားရှိပါသည်။ သို့မှသာလျှင်၊ ကလေးများကလည်း မိဘကို ချစ်ကြပြီး၊ မိဘ၏သြဇာအာဏာကို မဖီဆန်ဝံ့ကြပေ။ ခရစ်ယာန်မိဘများ၏ သြဇာအာဏာလွှမ်းမိုးမှုကြောင့် သားသမီးများ မြောက်များစွာ ပျက်စီးခြင်းသို့မရောက်သည် သာမက သူတို့၏ဝိညာဉ်များလည်း ကယ်တင်ခြင်းရကြသည်မှာ များစွာရှိပါ၏။ မိဘများ မိမိတို့၏ သြဇာအာဏာကို မှန်ကန်စွာ အခြေတည်ခြင်း မရှိသည့်အတွက် ဤကမ္ဘာကြီးသည် ပျက်စီးခြင်းနှင့် ရင်ဆိုင်နေရလေပြီ။

အိမ်ထောင်၏အာဏာကို သားသမီးတို့ ရိုသေစွာပြုနိုင်ကြရလေအောင်၊ မိဘဖြစ်သူများကလည်း ပုံသက်သေကောင်းဖြစ်တဲ့ အနေအထိုင်၊ အသွားအလာတို့အပေါ်မှာဘုရားသခင်အုပ်စိုးသောအိမ်ထောင်ဖြစ်ကြောင်းကို ပြသနိုင်ရမည်။ မိဘ၏ခြေရာကို သားသမီးများကနင်းပြီးလိုက်နေကြသည်မှာအမှန်ပါ။

အချို့သော ခရစ်ယာန်အိမ်ထောင်များ၌ပင်၊ နှုတ်ကပါတ်တော်လာ ပညတ်တော်များနှင့် ပဋိညာဉ်တရားတော်များကို နာခံလိုက်လျှောက်ရန် သွန်သင်ကြရမည့်အစား၊ ဖခင်ကအိမ်ထောင်ဦးစီး ဖြစ်သည်မို့ ဖခင်၏ စည်းစံနစ်၊ စည်းကမ်းအတိုင်း သက်ရှင်နေထိုင်ရန် သွန်သင်ဆုံးမကြ၏။ ဖခင်ကလည်း စည်းဖေါက်လျှင်၊ လူရှေ့သူရှေ့ မရှောင် အော်ငေါက်ကာ ရိုက်နှက်၍ ဆုံးမတတ်ပါ၏။

ထိုသို့သော ဖခင်၏သားသမီးများသည် မိဘ၏ရှေ့တွင် ဟုတ်ကဲ့၊ မိဘ၏နောက်ကွယ်တွင် မိမိလုပ်ချင်တာလုပ်ပြီး၊ အိမ်သို့ပြန်ရောက်၍ မိဘများက စစ်ဆေးမေးမြန်းလျှင်၊ မိမိလုပ်ခဲ့တာတွေ မပေါ်ရလေအောင် အမျိုးမျိုးလိမ်လည်ပြောဆိုတတ်ကြသည်။ ထိုသူတို့၏နှုတ်က မုသာသုံးရန် ဝန်မလေးကြတော့ပေ။ မုသာ၌ ကျင်လည်ရသည်ကို ပျော်မွေ့နေကြသည်။ ဇာတိပကတိအား အခွင့်ပေး၍၊ ဒုစရိုက်အမှုများကိုပင် အပြစ်ဟူ၍ မမြင်ကြပေ။ မိဘတို့ မကောင်းမှုကြောင့် ဘုရားကိုမကြောက်၊ တရားတော်ကိုအလေးမထား၊ ဒုစရိုက်မှာကျင်လည်၍ ပျက်စီးခြင်း၌ဆုံးရှုံးရမည့် အဖြစ်များမှကင်းလွတ်နိုင်ရန်၊ မိမိတို့ အိမ်ထောင်၏အာဏာကို ဘုရားသခင့် လက်တော်ထဲသို့ အပ်၍၊ အုပ်စိုးခွင့်ပေးကြပါစို့။ မိဘများသည် အဘဘုရားသခင် လမ်းညွှန်မှုအတိုင်း အလိုတော်နှင့်အညီ သားသမီးတို့ကို ဆုံးမသွန်သင်ခြင်းကိုပြုလျက် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့။ ကျွန်ုပ်တို့ခရစ်ယာန်မိဘများ အထူးသတိရှိရန် လိုအပ်ပါသည်။ ခြေလှမ်းပြင်ဖို့ အချိန်ရှိခိုက် ပြင်ကြပါစို့။

အိမ်ထောင်တွင်၊ မိဘနှင့်သားသမီးများ ဘုရားသခင်၏ အလင်းတော်ထဲမှာ လက်တွဲပြီး လျှောက်နေကြပါလျှင်၊ အဘယ်မျှ ကြည့်လို့ သာယာမှု ရှိလိမ့်မည်နည်း။ အလွန်မင်္ဂလာရှိပါပေ၏။

မိဘများသည် .. ပင်လယ်ကူးသင်္ဘောများသွားလာသည့်အခါ၌၊ ပင်လယ်ကမ်းခြေနီးနားမှာဘေးအန္တရာယ်များ ရှိကြောင်းကို သတိပေးနှိုးဆော်သည့် **'မီးပြတိုက်'**နှင့် သဏ္ဍာန်တူပါသည်။ မီးပြတိုက်မှာ သင်္ဘောများကို ရေကြောင်းပြသကဲ့သို့ မိဘများမှာ သားသမီးတို့၏အသက်တာခရီးလမ်းကြောင်း၌ ရင်ဆိုင်ရမည့် အပြစ်ဒုစရိုက်များကို ကျော်လွှားနိုင်အောင်၊ ကောင်းသော စံနမူနာအနေဖြင့် သွန်သင်ဆုံးမသွားဖို့ လိုအပ်ပါသည်။

= = သင်းအုပ်ဆရာကြီးတစ်ပါးသည် သေလုသေဆဲ ဖြစ်နေသည့်အခါတွင်၊ သူ၏သားက ဖခင်ဖြစ်သူ သင်းအုပ်ဆရာကြီး၏အနားမှာရပ်ပြီး၊ ဖခင်ကြီးကို ..“အဖေရဲ့ယုံကြည်ချက်ဟာ ဒီလိုအသက်တာခရီးလမ်းဆုံးကို ရောက်တဲ့အထိ၊ မျှော်လင့်ချက်ထားပြီး အစစ်အမှန်ဖြစ်ကြောင်း သေချာခိုင်မြဲခြင်းရှိပါရဲ့လား။” လို့မေးတဲ့အခါမှာ၊ – လောကကြီးကို ခွဲခွါပြီး ထွက်သွားရတော့မဲ့ ဖခင်ကြီးကပြုံးပြီး၊

“ ချစ်လှသောသား .. အဘယ်သူကို ငါယုံကြည်သည်ဟု ငါသိ၏။
သူ၌ ငါအပ်ထားသော အရာကိုလည်း ၊ ဤနေ့ရက်တိုင်အောင်
စောင့်နိုင်တော်မူသည်ဟု ငါသဘောကျ၏။” .. .. .. ဆိုတဲ့ ကျမ်းချက်ကို ရွတ်ပြပြီး၊

“ငါ့အသက်တာမှာ ခရစ်ယာန်ရဲ့ယုံကြည်ချက်ဘဲ ငါတောင့်တပါတယ်။ သစ္စာတည်ကြည်ပါတယ်။ ဒီယုံကြည်ချက်ဘဲ အခု ငါ့ကို ဝိညာဉ်ခွန်အား ပေးထားတယ်။ ငါဟာ ပျော်ရွှင်စွာနဲ့ဘဲ၊ ဒီအသက်တာကို နေထိုင်ခဲ့တယ်။ အခုလည်း ပန်းတုန်းတိုင်ကို ရောက်တဲ့အခါမှာ အောင်ပန်းကို ဆွတ်ခူးဘို့၊ သခင်ခရစ်တော် အားဖြင့် အဆင်သင့် ရှိပါပြီ။” == လို့၊ မကြောက်မတုန်လှုပ်တဲ့ အသံမျိုးနဲ့ပြန်၍၊ ပြောလိုက်ပါတယ်။ သားကလဲ ဖခင်ရဲ့စံနမူနာကို လက်ခံပြီး၊ –

“ဘုရားသခင်၏နာမတော်ကြောင့် ငါ၏ယုံကြည်ချက်လည်း ဖခင်ကြီး၏ယုံကြည်ချက်လို ခိုင်မြဲပါစေ။” လို့ဆုတောင်းရင်း၊ အခန်းထဲမှ အပြင်ကို ထွက်သွားလေ၏။

ဤကဲ့သို့ ယုံကြည်ချက် ခိုင်မာစွာထားရှိပြီး၊ သားသမီးများကို မိမိတို့၏ အသက်တာလမ်းခရီးမှာ တွေ့တတ်သော အန္တရာယ်အမျိုးမျိုးတို့ကို ကျော်လွှားနိုင်အောင်၊ မီးပြတိုက်ကဲ့သို့ လမ်းပြနိုင်သူ မိဘများကို ကျေးဇူးတင်လျက် ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။ ❑❑

# စုံလင်သောသားသမီးအဖြစ်သို့

သခင်ယေရှုက ငါပြည်တ်သည်ကား၊
သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသော်ငှါ၊

- ❖ သင်တို့၏ရန်သူတို့ကို .. ချစ်ကြလော့။
- ❖ သင်တို့ကိုကျိန်ဆဲသောသူတို့အား .. မေတ္တာပို့ကြလော့။
- ❖ သင်တို့ကိုမုန်းသောသူတို့အား .. ကျေးဇူးပြုကြလော့။
- ❖ သင်တို့ကိုနှောင့်ရှက်ညှဉ်းဆဲသောသူတို့အဘို့ .. ဘုရားသခင်ကိုဆုတောင်းကြလော့။

အကြောင်းမူကား၊
ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည်
ကောင်းသောသူ မကောင်းသော သူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ .. မဖြောင့်မတ်သောသူတို့ အပေါ်၌ မိုဃ်းကို ရွာစေတော်မူ၏။

- ❖ သင်တို့ကိုချစ်သောသူတို့အားသာ ချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင် ဤမျှလောက်ပြုကြသည် .. မဟုတ်လော။
- ❖ အဆွေအမျိုးတို့အားသာ လောကဝတ်ပြုလျှင် အဘယ်သို့ထူးမြတ်သနည်း။ သာသနာပလူတို့ပင် ထိုအတူပြုကြသည် .. မဟုတ်လော။

ထိုကြောင့်၊
ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်း .. ရှိကြလော့။

(မဿဲ၊ ၅း၁၄–၁၈)

# The story of father's day

~Author Unknown~

*Father's Day, contrary to popular misconception, was not established as a holiday in order to help greeting card manufacturers sell more cards. In fact when a "father's day" was first proposed there were no Father's Day cards!*

*Mrs. John B. Dodd, of Washington, first proposed the idea of a "father's day" in 1909. Mrs. Dodd wanted a special day to honor her father, William Smart. William Smart, a Civil War veteran, was widowed when his wife (Mrs. Dodd's mother) died in childbirth with their sixth child. Mr. Smart was left to raise the newborn and his other five children by himself on a rural farm in eastern Washington State. It was after Mrs. Dodd became an adult that she realized the strength and selflessness her father had shown in raising his children as a single parent.*

*The first Father's Day was observed on June 19, 1910 in Spokane Washington. At about the same time in various towns and cities across American other people were beginning to celebrate a "father's day." In 1924 President Calvin Coolidge supported the idea of a national Father's Day. Finally in 1966 President Lyndon Johnson signed a presidential proclamation declaring the 3rd Sunday of June as Father's Day.*

Father's Day has become a day to not only honor your father, but all men who act as a father figure. Stepfathers, uncles, grandfathers, and adult male friends are all honored on Father's Day.




**Happy Father's Day**

**We Honor You**